၁၀။ ရဟန်းတော်ချင်း ကွဲပြားအောင် (မတဲ့အောင်) ဂိုး
တိုက်ခြင်း=ရန်တိုက်ခြင်း။

ဤ ဆယ်ပါးတွင် တပါးပါးကျူးလွန်သော ရှင်သာမဏေကို "ဤကျောင်းသို့ မလာနှင့်" ဟု တားမြစ်သော အားဖြင့်ရင်း, သံဒဏ် ရေဒဏ် ပေးသောအားဖြင့်ရင်း နှိပ်ကွပ် ဆုံးမရမည်။[ ဒဏ် ၁၀-ပါး ပါဠိအနက်ကို နောက်ဆက်တွဲ ကျမ်းမှ ပြမည်။ ]

---

လေ့ကျင့်ခဏ်း မေးခွန်း

က။ လိင်ဆယ်ပါးကို ရေတွက်ပြပါ။

ခ ။ လိင်ဆယ်ပါးတွင် ဆယ်ပါးသီလနှင့်တူသော သိက္ခာများကို ပြပါ။

ဂ ။ ဒဏ်ဆယ်ပါးကို ရေတွက်ပြပါ။

ဃ။ ဒဏ်ဆယ်ပါးတွင် ဆယ်ပါးသီလနှင့်တူသော သိက္ခာများကို ပြပါ။

င ။ လိင်ဆယ်ပါးတွင် တပါးပါး ကျူးလွန်သူကို အဘယ်သို့ ပြုရမည်နည်း။

စ ။ ဘိက္ခုနီမ၌ မေထုန်ကျင့်မှုသည် အပြဟ္မစရိယနှင့် တူပါလျက် ဘာ့ကြောင့် သီးခြားပြရသနည်း။

ဆ။ ဒဏ်ဆယ်ပါးတွင် တပါးပါး ကျူးလွန်သူကို အဘယ်သို့ ပြုရမည်နည်း။